ဝက်မစွတ်ဝန်ထောက်ဦးလတ်၏ နေ့စဉ်မှတ် ၁၈၈၆–၁၈၈၈ကို ပထမတွဲအဖြစ် ၂၀၀၅ခုနှစ်တွင်လည်းကောင်း၊ ၁၈၈၉–၁၈၉၃ကို ဒုတိယတွဲအဖြစ် ၂၀၀၆ခုနှစ်တွင်လည်းကောင်း၊ မြန်မာသမိုင်းအဖွဲ့က ထုတ်ဝေပြီးဖြစ်ပါသည်။ ၁၈၉၄–၁၈၉၈ကို တတိယတွဲအဖြစ် မြန်မာသမိုင်းအဖွဲ့ကပင်ထုတ်ဝေပါသည်။ ဝက်မစွတ်ဝန်ထောက်၏ နေ့စဉ်မှတ် ပထမတွဲတွင် ၁၈၈၆ခုနှစ်မှ ၁၈၉၈ခုနှစ်အထိ ကိုလိုနီခေတ်ဦး မန္တလေး၏နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်တကွ ဝက်မစွတ်ဝန်ထောက်ဦးလတ်၏အတ္ထုပ္ပတ္တိကို နိဒါန်းတွင် ဖော်ပြပြီး ဖြစ်ပါသည်။ ဝက်မစွတ်ဝန်ထောက်၏ နေ့စဉ်မှတ် ဒုတိယတွဲတွင် ၁၈၈၉မှ ၁၈၉၃အတွင်း ထူးခြားသည့်အဖြစ်အပျက်များကို နိဒါန်းတွင်ဖော်ပြထားပါသည်။ ဝက်မစွတ်ဝန်ထောက်၏နေ့စဉ်မှတ် တတိယတွဲ၁၈၉၄–၉၈တွင်လည်း ထိုခေတ်ပိုင်း၏ထူးခြားချက်များကို နိဒါန်းတွင်ဖော်ပြပါသည်။ ထိုကာလအတွင်းမန္တလေးတွင် နိုင်ငံရေးတည်ငြိမ်အေးချမ်းလျက် ဗြိတိသျှအုပ်ချုပ်ရေးအခြေခိုင်ပုံ၊ မန္တလေးမြို့၏အုပ်ချုပ်ရေးအရာရှိများ၊ အငယ်တန်းအုပ်ချုပ်ရေးရာထူးများတွင် ဗြိတိသျှအစိုးရက မြန်မာလူငယ်များကို အစားထိုးခန့်ထားလာပုံ၊ ဝန်စုမှူးစု၏ သားများနှင့်တကွ ဆွေမျိုးများ ဗြိတိသျှအုပ်ချုပ်ရေးတွင် ဝင်ရောက်အမှုထမ်းရန်ကြိုးပမ်းလာပုံ၊ မင်းဆွေမင်းမျိုးများ၊ ဝန်စုမှူးစုများ၊ မင်းမှုထမ်းများ စီးပွားရေးကြပ်တည်းပုံ၊ တိုင်းတပါးယဉ်ကျေးမှုနှင့် ဓလေ့များထိုးဖောက်ဝင်ရောက်ကာ လွှမ်းမိုးစပြုလာသည့်အလျောက် မြန်မာရိုးရာယဉ်ကျေးမှု၊ ဓလေ့များနှင့် စာပေများကို ဆက်လက်ထိန်းသိမ်းကြပုံ၊ ထင်ရှားသည့်ဆရာတော်၊ သံဃာတော်များနှင့် လူပုဂ္ဂိုလ်များ ကွယ်လွန်သည့်ရက်စွဲများနှင့် ဝက်မစွတ်ဝန်ထောက်နှင့်တကွ ဝန်စုမှူးစု၏ သာသနာရေး၊ လူမှုရေးဆောင်ရွက်ချက်များကို ဤနေ့စဉ်မှတ်တမ်းတွင် သိရှိရမည်ဖြစ်ပါသည်။

ဝက်မစွတ်ဝန်ထောက်သည် ၁၀ ဩဂုတ် ၁၉၃၀တွင် ကွယ်လွန်သဖြင့် နေ့စဉ်မှတ်များကို ဆက်လက်ရေးသားမည်ဖြစ်သော်လည်း ၁၈၉၈ဇန်နဝါရီလ နေ့စဉ်မှတ်အထိသာရရှိပြီး လေ့လာခွင့်ရကာ ကျန်ကိုလိုနီခေတ်မန္တလေးနှင့်တကွ မင်းဆွေမင်းမျိုး၊ ဝန်စုမှူးစု၊ မင်းမှုထမ်းများ၏ဘဝအခြေအနေကိုသိရှိခွင့်မရတော့ပါ။ နေ့စဉ်မှတ်တမ်း၏သဘောသည် တွေ့ကြုံခံစားရသမျှ ပြုမူဆောင်ရွက်သမျှကို မကွယ်မဝှက်၊ ပွင့်လင်းရိုးသားစွာရေးသားသည့် မှတ်တမ်းဖြစ်သဖြင့် သမိုင်းသုတေသီများအတွက် တန်ဘိုးကြီးမားသည့် ခေတ်ပြိုင်မှတ်တမ်းဖြစ်ပါသည်။ ဤစာအုပ်နောက်ဆက်တွဲ၁တွင် မင်းလှဂုဏ်ရောင်ပုရပိုက်မှ ဒေါက်တာသန်းထွန်းကူးယူထားသည့် ဝက်မစွတ်ဝန်ထောက်ဦးလတ်နှင့် ဒေါ်ခင်လေးလတ်တို့၏ လက်ထပ်မင်္ဂလာအခမ်းအနား၊ နောက်ဆက်တွဲ၂တွင် မန္တလေးတက္ကသိုလ်၊ သမိုင်းဌာနစာစုမှ ကူးယူရရှိသည့် ဝက်မစွတ်ဝန်ထောက်ဦးလတ်၏သား မောင်မောင်ကြီးနှင့် ရွှေလုံမြို့ဝန်သမီး မခင်လတ်တို့၏ မင်္ဂလာပွဲအတွက် ဝက်မစွတ်ဝန်ထောက်က ဘိတ်ကြားသည့် လူစာရင်း၊ လက်ဖွဲ့စာရင်း၊ ပစ္စည်းငါးစာရင်းနှင့် ဧည့်ခံကျွေးမွေးသည့်ကုန်ကျစရိတ်များကို ဖော်ပြထားပါသည်။ ကွန်ပျူတာစာမူများကို စစ်ဆေးပေးသော သမိုင်းသုတေသနဦးစီးဌာနမှ ဒေါ်ခင်ခင်သော်(သုတေသနလက်ထောက်)နှင့် ဒေါ်မြင့်မြင့်စန်း(သုတေသနလက်ထောက်)တို့အား ကျေးဇူးအထူးတင်ပါကြောင်း မှတ်တမ်းတင်ပါသည်။

၂၄–၁၂–၂၀၀၆ အုန်းကြည်

# မာတိကာ


| စဉ် | | စာမျက်နှာ |
|---|---|---|
| | အမှာစာ | |
| ၁။ | နိဒါန်း | က |
| ၂။ | ၁ ဇန်နဝါရီ ၁၈၉၄ မှ ၃၁ ဒီဇင်ဘာ ၁၈၉၈ ထိ ဝက်မစွတ်ဝန်ထောက်၏ နေ့စဉ်မှတ်သားချက် | ၁ |
| ၃။ | နောက်ဆက်တွဲ (၁) | ၅၆၅ |
| ၄။ | နောက်ဆက်တွဲ (၂) | ၅၆၇ |